ကွန်လောင်းကျေးရွာ

လွိုင်လင်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကွန်လောင်းကျေးရွာ၊ လွိုင်လင်မြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဧပြီလ

မာတိကာ

မာတိကာ ၁
အတိုကောက်စကားလုံးများ ၄
စကားချီး ၅
ကွန်လောင်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ လွိုင်လင်မြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် **၈**

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈
(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၃

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏ **လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏ **စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဧရိယာ**
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**
ဇယား ၂၀ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**
ဇယား ၂၁ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် **ပြဿနာနှင့် အခက်အခဲများ**
ဇယား ၂၄ **ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**
ဇယား ၂၅ ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား **၂၆** ရွှေပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ **သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ **အဖြစ်များသော** ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှုန်းမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား **၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ**
ဇယား **၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉

ကိုးကားစာရင်း ၇၄

အတိုကောက်စကားလုံးများ

AIDS	ခုခံအားကျဆင်းမှုရောဂါ
DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MMK	မြန်မာကျပ်
MoALI	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA	ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း
SLRD	ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
STD	လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDG	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

၉ပြီ၊ ၂၀၁၇ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကွန်လောင်းကျေးရွာ
လွိုင်လင်မြို့နယ်

ကွန်လောင်းကျေးရွာ၊လူမှုရေး၊ သယ်ဇာတနှင့်အရင်းအမြစ်ပြမြေပုံ၊ လွိုင်လင်မြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲ အကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက် အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိ ပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက် များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း များ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်း များချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက် အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင် အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကွန်လောင်းကျေးရွာသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ ၊ လွိုင်လင်- မိုင်းပွန်ကားလမ်းဘေးတွင် တည်ရှိသည်။ ကျေးရွာသည် တောင်ကုန်းတောင်တန်းထူထပ်ပြီး တောင်ပေါ်ဒေသ ဖြစ်သည်။ ကျေးရွာ၏အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေး ဖြစ်ပါသည်။ ကျေးရွာသည် အအေးပိုင်းဒေသ ဖြစ်သောကြောင့် စိုက်ပျိုးရေး အလွန်ကောင်းမွန်သည်။ ကျွန်တော်တို့ရွာသည် တောင်ကုန်းနှင့် ချိုင့်ဝှမ်း ပေါင်းစပ်ထားသည့် ရွာဖြစ်သည်။ ကျေးရွာအနီးတွင် စမ်းချောင်း၊ရေတံခွန် ၊ ဂနိုင် များရှိသည်။ သစ်တောများထူထပ်သည်ပေါများသည်။ လယ်ယာခြံမြေများသည် စပါး၊ အာလူး၊ ပဲ ၊လက်ဖက်များ စိုက်ပျိုး ကြသည်။

(ခ) သဘာဝအရင်းအမြစ်

လယ်မြေ၊ ယာမြေ၊ ခြံမြေအသင့်အတင့်ရှိကြပြီး တောင်ပေါ်ဒေသဖြစ်ကာ မြေဆီအသင့်တင့်ကောင်းမွန် ပါသည်။ ကျေးရွာတွင် သဘာဝသယံဇာတမထွက်ပါ။ လယ်သမားများသည် တောင်ကျရေ၊ မိုးရေဖြင့် လယ်ယာအတွက်အသုံးပြု ကြသည်။ကျွန်တော်တို့ရွာ၏အဓိကစိုက်ပျိုးရေးမှာ လွှက်ခြံဖြစ်သည်။ လွှက်စိုက်ဧကပေါင်း (၂၂၁)ဧကထိ ရှိသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၆၀)စုနှင့်ကျား (၁၁၇)၊ မ(၁၂၈)ဦးဖြင့်လူဦးရေပေါင်း (၂၄၆)ဦး ရှိကာတစ်အိမ်ထောင်လျှင်ပျမ်းမျှ(၅)ဦးနှုန်းရှိပြီးနိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း (၅)ဦးနှင့်ညီမျှသည်။ကျေးရွာတွင်ပအိုဝ်းလူမျိုးများနေထိုင်ကြပြီးအလုပ်လုပ်နိုင်သောအရွယ်သည်ကျေးရွာရှိလူဦးရေပေါင်း၏ (၄၀%)ရှိသဖြင့်လူသားအရင်းအမြစ်ကောင်းဖြစ်ကာလူငယ်များကိုလေ့ကျင့်သင်ကြားပေးပြီးဒေသစီးပွားရေးတိုးတက်အောင်စွမ်းဆောင်နိုင်သည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်သည်။ တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန် ဖြစ်သည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၃၀.၁၄)%သည် ချမ်းသာအဆင့် (၃၃.၀၈)%သည် အလယ်အလတ်အဆင့် (၂၇.၂၀)%သည် ဆင်းရဲသောအဆင့် (၉.၅၅)%သည် အလွန်ဆင်းရဲသောအဆင့်ဟု သတ်မှတ်ကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အနည်းအပါးပဲရှိသည်။ စိုက်ပျိုးရေးတစ်မျိုးထဲသာ လုပ်သောကြောင့် အသက်ကြီးပိုင်းအတွက် ထိခိုက်မှုအလွန်များသည်။ ကျေးရွာမှဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ (၃၀)% ဖြစ်သော(၃၁)စုကိုလေ့လာဆန်းစစ်မှုအရ ကျေးရွာတွင် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြသည်။ ကလေးငယ်များသည် အများစု ကျန်းမာကြ သည်။ ကျေးရွာမှ ကျန်းမာရေးဌာနကို (၃)မိုင်လောက်သွားရသည်။ မြို့နယ်ဆေးရုံကို(၆)မိုင်လောက် သွားရသည်။ အသွားအလာလမ်းက မြေသားလမ်းဖြစ်သောကြောင့် သွားလာရခက်ခဲသည်။ (၃)လ မှ(၆)လအထိ နှပ်မှန်စားနိုင်ကြသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင်စိမ့်စမ်းရေကို အသုံးပြုကြသည်။ မြေအောက်ရေ အလွယ်တကူရရှိသည်။ သို့သော် လက်နှိပ်တုံကင်၊ ရေတွင်း၊ အဝိစိတွင်းလုပ်သော အတွေ့အကြုံမရှိသောကြောင့် စိမ့်စမ်းရေနည်းလာတာ နှင့်အမျှ ရေရှားလာသည်။ ကျေးရွာတွင် တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှော၊ သွေးတိုးရောဂါ ဖြစ်လေ့ဖြစ်ထ ရှိသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အလွန်အားနည်းနေသည်။ လူငယ်အများစုမှာ မူလတန်း လောက်ပဲသင်ကြားကြပြီး မိဘအလုပ်ခွင်ထဲဝင်လုပ်ကြသည်။ အလယ်တန်း၊ အထက်တန်းတက်ရောက်သူ များမရှိပါ။ အလယ်တန်းအောင်သူ(၂)ယောက်သာ ရှိသေးသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

အမျိုးသမီးများကို ခွဲခြားဆက်ဆံလေ့မရှိပါ။ တန်းတူဆက်ဆံပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကိစ္စအားလုံး နီးပါး အမျိုးသား/သမီးများ အားလုံးစည်းလုံးစွာ ပါဝင်လုပ်ဆောင်ကြသည်။ အမျိုးသမီးများအတွက် ပညာသင်ကြားနိုင်ရေးကို အလေးထားမှုနည်းနေသေးသည်ကို တွေ့ရသည်။ သီးနှံစိုက်ပျိုးရေးလုပ်ငန်းခွင်တွင် အမျိုးသမီးများမှာ အမျိုးသားများနှင့်တန်းတူလယ်ယာလုပ်ကိုင်ကြပါသည်။

၄။ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာ အဖွဲ့အစည်း များ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင် ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင်လူမှုဆိုင်ရာအဖွဲ့အစည်း(၃)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ(၂)ဖွဲ့ရှိသည်။ အမျိုးသမီးရေးရာအဖွဲ့ လုပ်ရှားမှုမရှိပါ။ ကျေးရွာတွင်သာရေး၊ နာရေး၊ လူမှုရေးများကို ကျေးရွာရှိလူငယ် များက စည်းလုံးစွာ ပါဝင်လုပ်ဆောင်ကြသည်။ ကျေးရွာအုပ်စုတွင် ကျေးရွာ (၁၂)ရွာ ပါဝင်ပြီး ကျေးရွာအုပ်စု ဥက္ကဋ္ဌမှာ ခေါင်းန့ဲကျေးရွာမှ ဖြစ်ပါသည်။ ကျေးရွာ အထောက် အကူပြုအဖွဲ့ဝင်နှင့်အတူ လစဉ်လွိုင်လင်မြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး သို့အတူတက္ခ တက်ရောက်ကြပါသည်။ ကျေးရွာအစည်းအဝေး ပြုလုပ်လျှင် ဘုန်းကြီးကျောင်းတွင် ပြုလုပ်ရပါသည်။ ရပ်မိရပ်ဖခွေးနွေးချိန်တွင် ကျောင်းထိုင်ဘုန်းတော်ကြီး အကြံဉာဏ်လည်းရယူပြီး ဆောင်ရွက်ကြပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင်လွှက်၊ စပါး၊ အာလူး၊ ကြက်သွန်၊ ပဲအမျိုးမျိုးစိုက်ပျိုးကြသည်။ အဓိကထုတ်ကုန်မှာ လွှက်ဖြစ်သည်။ ကြက်များကိုသာမွေးမြူကြသည်။ ဈေးနှုန်းမတည်ငြိမ်ခြင်း၊ နည်းစနစ်လေ့လာမှု အားနည်းခြင်း၊ ရာသီဥတုကြောင့် အဖူးထွက်ခါနီးအပင်ခြောက်ခြင်းများရှိ၍ အချို့အိမ်ထောင်စုများသည် အထွက်နှုန်းနည်း ပါသည်။ တောင်စောင်းတွင်စိုက်သည့်အတွက် လေတိုက်လျှင် အပင်များပျက်စီးခြင်းများရှိပါသည်။ ကျေးရွာနှင့် ကိုက်ညီသော အမျိုးကောင်း နှစ်ရှည်ပင်များ စိုက်ပျိုးရန် နည်းစနစ်များ လိုအပ်လျက်ရှိပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းထုတ်ကုန်မရှိပါ။ အခြားဝင်ငွေလုပ်ငန်းမှာ နေ့စား၊ သယ်ယူ ပို့ဆောင်ရေး ဈေးရောင်းတို့ဖြစ်သည်။ အခြားဝင်ငွေရလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နေမှု မရှိသလောက်နည်းပါသည်။

(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာသည် တောင်ကုန်းတောင်တန်းဖြစ်သောကြောင့် မိုးတွင်းရောက်လျှင် တောင်ကျ ရေများ စီးလာသောကြောင့် လမ်းများပျက်စီးပါသည်။ ခြံ၊ ယာ၊ မြေများကို ပိုးသတ်ဆေး ပေါင်းသတ်ဆေးများ သုံးကြ သောကြောင့် ချောင်းမြောင်းမှငါးများ အမျိုးတုန်း လုနီးပါးဖြစ်သည်။ ခါတ်မြေဩများလည်း အလွန်အကျွံ သုံးကြသောကြောင့် မြေဆီလွှာများလည်း ပျက်ဆီးကြသည်။

ယာ၊ ခြံများလုပ်သောကြောင့် သစ်တောများ ပြုန်းကုန်ကြသည်။ ဝါထပ်နှစ်များ၌မိုးခေါင်ခြင်း ကိုကြုံတွေ့ရမှုများလာပြီး သစ်တောများကို စနစ်တကျ ထိန်းသိမ်း စောင့်ရှောက်မှု ပြုလုပ်ကြရ မည်ဖြစ်သည်။ သစ်တောများထိန်းသိမ်းရန် ရွာထိပ်သစ်တောတွင် သစ်တောဆိုင်းဘုတ်စိုက်ထူ ထားပါသည်။ မိမိတို့ကျေးရွာအပြင် အခြားကျေးရွာများလည်း ထိန်းသိမ်းရန် လိုအပ်ပါသည်။ အိမ်ထောင်စုများ မီးဘေးအန္တရာယ်နှင့်ပါတ်သက်၍ နှစ်စဉ်ကျေးရွာမှ မီးတားလမ်းခြားခြင်းများ ဆောင်ရွက်ထားကြ ပါသည်။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျွန်တော်တို့ကျေးရွာတွင်ချေးငွေလက်လှမ်းများမရှိပါ။မြို့ပေါ်ရှိအပေါင်ဆိုင်များမှချေးငွေယူလျှင်လ စဉ်အတိုးဒုရာခိုင်နှုန်းပေးရပါသည်။အပေါင်ပစ္စည်းကိုအချိန်မရွေးပြန်ယူ၍ရပါသည်။ပစ္စည်းအလိုက် ချေးငွေရရှိပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်း ရှိပါသည်။ ရေရှားသောကြောင့် ဆရာမများနှင့် ကျောင်းသုံး ရေအတွက် အခက်အခဲ များစွာရှိသည်။ ကျောင်းသူ/သားများအတွက် ယင်လုံအိမ်သာ လုံလောက် မှုမရှိကြောင်း တွေ့ရပါသည်။ ကျန်းမာရေးအတွက် တစ်ရွာလုံး ယင်လုံအိမ်သာ ဖြစ်မြောက်ရေး အသိပညာပေးခြင်း များ ဆောင်ရွက်ရန် လိုအပ်နေပါသည်။ ကျောင်းသူ/သားများမှာ မြို့ပေါ်ကျောင်း များတွင်သွား ရောက်တက်ရောက်ကြရသဖြင့် အချို့သောကလေးများသာ တက်ရောက်နိုင်ပြီး၊ အချို့မှာအချိန် ပေးရခြင်း၊ ငွေကြေးအကုန်အကျများခြင်း ကြောင့် မတက်ရောက်နိုင် ကြပါ။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိပါ။ ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ဆောင်ရွက်သည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ သီးသန့်ဖော်ဆောင်ခြင်း မရှိ သေးချေ။ လူမှု လုပ်ငန်းများအနေဖြင့် ကျေးရွာသာရေးနာရေးတွင် လူကြီးအဖွဲ့များနှင့် ပါဝင် ကူညီဆောင်ရွက်ပေးကြပါသည်။ ဘာသာရေးလုပ်ငန်းများအနေဖြင့် တန်ခူးလတွင်ဘုန်းကြီး ကျောင်းတက်ပြီး အနီးအနားကျေးရွာနှင့် မြို့ပေါ်ဘုန်းကြီးကျောင်းတွင် သွားရောက် ကန်တော့ ကြပါသည်။ စည်းလုံးမှုရှိပြီး ရိုးရာယဉ်ကျေးမှုထိန်းသိမ်း ကြပါသည်။ အင်တာနက် အသုံးပြုသူ နည်းပါးသည်။ ဂျာနယ်ဖတ်သော အလေ့အကျင့်မရှိပါ။

(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာရှိမြေသားလမ်းမှာမိုးရာသီတွင် သွားရ၊လာရခက်ခဲပါသည်။ ရေလမ်းခရီး အသုံးပြုမှုမရှိပဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ် (၃၂) စီး တို့ကို အသုံးပြုလျက် ရှိကြသည်။ ရွာတွင်အဆင်ပြေသောအိမ်ထောင်စုများသည်ဆိုလာပြားကိုအသုံးပြုကြပြီးဆင်းရဲသောမိသားစုများ

သည်ဖယောင်းတိုင်ဖြင့်သာနေကြရပါသည်။သို့သော်ဆိုလာမီးသည်မီးလင်းရန်အတွက်သာအသုံးဝင်ပါသည်။ချက်ပြုတ်ရန်၊ထုတ်ကုန်တိုးမြှင့်ဆောင်ရွက်ရန်မရရှိနိုင်ပါ။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရန်အတွက်လျှပ်စစ်မီးရရှိရန်အတွက်လည်းလိုအပ်ပါသည်။

ဆက်သွယ်ရေးကွန်ယက်အနေဖြင့် MPTနှင့် Telenorလိုင်းရှိပါသည်။လက်ကိုင်ဖုန်း၊ရေဒီယိုနှင့်တီဗွီများအသုံးပြုကြသော်လည်းအင်တာနက်ချိတ်ဆက်အသုံးပြုမှုမပြုလုပ်နိုင်သေးပါ။အချို့အိမ်များတွင်စလောင်းများတပ်ဆင်ထားကြပြီးပတ်ဝန်းကျင်ဗဟုသုတအတန်အသင့်ရှိကြပါသည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင်ရာဇဝတ်မှုကြီးကြီးမားမားမရှိပါ။ကျေးရွာလူထုအတွက်ပြည်သူများဘေးကင်းလုံခြုံမှုနှင့်ဝန်ဆောင်မှုကောင်းမွန်ပါသည်။ပအိုဝ်ဒေသဦးစီးအဖွဲ့ရုံးနှင့်အမြဲဆက်သွယ်မှုရှိပါသည်။လူကုန်ကူးမှုကြဲတွေ့ဖူးကြပါသည်။ ပြန်လည်ဆက်သွယ်မှုရရှိပြီးဖြစ်ပါသည်။ ခိုးမှုနှင့်အကြမ်းဖက်မှုများလည်းရှိပါသည်။မူးယစ်ဆေးသုံးစွဲခြင်းများအတွက်အခွင့်အလမ်းများပြားသောကြောင့်မူးယစ်ဆေးသုံးစွဲမှုအနည်းငယ်ရှိပါသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာအတွင်းအလုပ်လုပ်နိုင်သောလူဦးရေစုစုပေါင်းမှာကျေးရွာလူဦးရေ၏ (၄၀) ရာခိုင်နှုန်းရှိပြီး၊စာတတ်မြောက်သူဦးရေ (၂၀.၂၂) ရာခိုင်နှုန်းရှိသောကြောင့်လာမည့်အနာဂတ်အတွက်ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးအတွက်ကောင်းမွန်သောလူ့စွမ်းအားအရင်းအမြစ်များရှိပါသည်။

သီးနှံစိုက်ပျိုးရေးအတွက်ကောင်းမွန်သောမိုးရွာသွန်းမှုပုံစံရှိခြင်း၊သီးနှံစုံဖြစ်ထွန်းနိုင်သောအပူချိန်စသည့်ရာသီဥတုအခြေအနေကောင်းများရှိခြင်းကြောင့် ဈေးကွက်ဝင်သီးနှံ (ဥပမာ-စိုက်ပျိုးသီးနှံ၊သစ်သီးပင်များ၊ဟင်းသီးဟင်းရွက်များစသည်)စိုက်ပျိုးထုတ်လုပ်နိုင်သောအလားအလာကောင်းများရှိပါသည်။

ကျေးရွာပတ်ဝန်းကျင်တွင်ကုန်းမြင့်ယာမြေနှင့်ဥယျာဉ်ခြံများ စိုက်ပျိုးနိုင်မည့်မြေသယံဇာတများရှိခြင်း၊စားကျက်မြေအဖြစ်အသုံးပြုနိုင်မည့်သဘာဝသစ်တောမြေများရှိခြင်းကြောင့်သီးနှံထုတ်လုပ်ရေးနှင့်တိရစ္ဆာန်မွေးမြူရေးတို့တိုးတက်လုပ်ကိုင်ရန်အခြေအနေကောင်းများပင်ဖြစ်ပါသည်။

လွိုင်လင်မြို့နယ်ဒေသတွင်းတွင်တည်ရှိသည့်ကျေးရွာဖြစ်သည့်အတွက်ဒေသအနေအထားအရကျယ်ပြန့်သောဈေးကွက်သို့ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုကောင်းများအားလက်လှမ်းမှီမှုကောင်းမွန်ပါသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

ဒေသတွင်းတည်ငြိမ်အေးချမ်းမှုမရှိခြင်းမှာကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုရေရှည်အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ရန်အတွက်အဟန့်အတားတစ်ခုပင်ဖြစ်ပါသည်။တည်ငြိမ်အေးချမ်းမှုမရှိရခြင်း၏ အကျိုးဆက်အဖြစ်မူးယစ်ဆေးဝါးအန္တရာယ်များ၊တရားဥပဒေစိုးမိုးမှုများစသည့်အားနည်းချက်များရင် ဆိုင်ရလျက်ရှိပါသည်။

မြန်မာဘာသာစကားနှင့်စာပေတတ်မြောက်မှုအားနည်းခြင်းသည်လည်းပြင်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ရန်အခက်အခဲတစ်ခုဖြစ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအတွက်ရေရှည်ဆောင်ရွက်မည့်၊တာဝန်ခံမှုရှိသည့်အဖွဲ့အစည်းစနစ်များဖွံ့ဖြိုးတိုးတက်ဖြစ်ပေါ်လာရန်အကူအညီများစဉ်ဆက်မပြတ်ရရှိရန်လိုအပ်ပါသည်။ ထို့အပြင်ရေရှည်အတွက်မတည်မြဲနိုင်သောဝင်ငွေရလုပ်ငန်းများ၏ဆွဲဆောင်မှုများ၏ လွှမ်းမိုးမှုကြောင့်ကျေးရွာလူထုသည်ရေရှည်တည်တံ့သောအသက်မွေးဝမ်းကြောင်း လုပ်ငန်းများဖွံ့ ဖြိုးမောင်ဆောင်ရွက်ရေးအတွက်အလေးထားရန်လိုအပ်လျက်ရှိပါသည်။

ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျွန်တော်တို့ကျေးရွာသူ/သားများသည်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်ရည်မှန်းချက်များချမှတ်ရာတွင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကွင်းဆင်းဆောင်ရွက်သောအဖွဲ့နှင့်တိုင်ပင်ပြီးအောက်ပါရည်မှန်းချက်များကိုချမှတ်ထားပါသည်။

(က.၁) ကျွန်ုပ်တို့ကျေးရွာတွင် သီးနှံထုတ်လုပ်ခြင်း၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ၊ အခြားဝင်ငွေရ လုပ်ငန်းများတိုးတက်ဖွံ့ဖြိုးလာပြီး ကျေးရွာမိသားစုများ၏ ဝင်ငွေတိုးတက်လာရေး၊

(က.၂) လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် အခြေခံအဆောက်အဦးများ ဖွံ့ဖြိုးတိုးတက်သောကျေးရွာဖြစ်လာရေး

(က.၃) ကျေးရွာသူ/သားများ၏ ပညာတတ်မြောက်မှုများ တိုးတက်လာပြီးစီးပွားရှာဖွေနိုင်စွမ်းမြင့်မားလာအောင်ဆောင်ရွက်ရေး

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

(ခ.၁)အထက်ပါပန်းတိုင်များသို့ရောက်ရှိရေးအတွက်ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်အစိုးရဌာနများ၊အခြားပြင်ပအဖွဲ့အစည်းများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ဆက်သွယ်၍ကျေးရွာဖွံ့ဖြိုးရေးစီမံ

ချက်များအားဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သည်။ ပြင်ပမှနည်းပညာ၊ ငွေကြေးစသည့် အကူအညီများရရှိရေးအတွက်ဦးဆောက်မည်ဖြစ်သည်။ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်ကျေးရွာအ တွင်းရှိအ ခြားအဖွဲ့၊ကော်မတီများဖြင့်လည်းညှိနှိုင်း၍တာဝန်များကိုခွဲဝေအပ်နှင်းဆောင်ရွက်မည်။

(ခ.၂)မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ဇီဝမျိုးစိတ်များကာကွယ်ထိန်းသိမ်း ခြင်းနှင့်စနစ်တကျအမှိုက်စွန့်ပစ်မှုတို့ကိုအားပေးမှုများလုပ်ဆောင်သွားပါမည်။

(ခ.၃)ကျေးရွာမှဈေးကွက်သို့ဆက်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက်တာရှည်ခံနိုင်သောကျေးရွာ လမ်း၊တံတားများကိုဖောက်လုပ်ပေးနိုင်ရန်သက်ဆိုင်ရာဌာနဆိုင်ရာများနှင့်ချိတ်ဆက်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

(ခ.၄)သက်ဆိုင်ရာဌာနများ၏ အကူအညီကိုရယူ၍ကျေးရွာလူငယ်များ၏ ကျောင်းပညာရေးနှင့်အ သက်မွေးဝမ်းကြောင်းပညာများတိုးတက်လာရေးအတွက်ရေရှည်စီမံချက်များကိုကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့်အခြားသက်ဆိုင်ရာကော်မတီတို့ပူးပေါင်းရေးဆွဲအကောင်အထည်ဖော်ပါမည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြု ချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည်ဒေသ ဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံ တော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံ ချက်ပြင်ဆင်ရန်ဖြစ်သည်။

(ဂ) ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်း

ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းမှာအနည်းငယ်ကောင်းမွန်မှုမရှိဘဲ၊ မြေသားလမ်းသာ ဖြစ်နေပါသည်။ ကျေးရွာတွင်လည်း ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ထားကြသဖြင့် လမ်းအဆင့်မြှင့် ပြုပြင်ရန် ငွေကြေးထည့်ဝင်ရန် အခက်အခဲရှိနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးမှုများနှင့်အတူ ကျေးလက်ဦးစီးဌာနမှ ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများအား အဆင့်မြှင့် ပြုပြင်ပေးသင့်ပါသည်။ ကျေးရွာချင်းဆက်လမ်းပိုမိုကောင်းမွန်လာခြင်းဖြင့်လည်း တစ်ရွာနှင့် တစ်ရွာ ကုန်စည်ကူးသန်းရောင်းဝယ်မှု ပိုမိုမြန်ဆန်လာနိုင်ပြီး၊ စီးပွားရေးဖွံ့ဖြိုးမှုအား လွန်စွာအထောက် အကူပြုနိုင်ပေမည်။

(ဃ) စိုက်ပျိုးရေးလယ်ယာသုံးကိရိယာများစနစ်တကျငှားရမ်းအသုံးပြုနိုင်ရေး

လွယ်ခွင်ကျေးရွာသည် စိုက်ပျိုးရေးကောင်းစွာဖြစ်ထွန်းသော ကျေးရွာတစ်ရွာဖြစ်ပြီး၊ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေ ရရှိနိုင်သည်။ သို့သော်လယ်ယာလုပ်သားရှားပါးလာမှုနှင့်အတူ၊ ရာသီဥတု ဖောက်ပြန် လာမှုတို့ကြောင့် လယ်ယာလုပ်ငန်း အချိန်မှီပြီးစီးရန် အနည်းငယ်အခက်အခဲ ကြုံတွေ့ရတတ် ပေသည်။ စိုက်ပျိုးရေးဦးစီးဌာနနှင့်အတူ သက်ဆိုင်ရာဌာနများဖြစ်ကြသော စက်မှုလယ်ယာဦးစီး ဌာနနှင့် ကျေးလက်ဦးစီးဌာနများမှ ပြင်ပလယ်ယာသုံး ပစ္စည်းကိရိယာ ရောင်းချသော ကုမ္ပဏီ များနှင့် ချိတ်ဆက်ပေးသင့်ပါသည်။ ထို့အပြင် အရစ်ကျစနစ်ဖြင့် ရောင်းချမှုများ၊ ဈေးနှုန်းသက်သာ စွာဖြင့် ငှားရမ်းသုံးစွဲနိုင်ရေးများကိုလည်း ဆောင်ရွက်ပေးသင့် ပါသည်။

(င) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး

လွယ်ခွင်ကျေးရွာတွင် ပညာမတတ်သောလူငယ်အချို့မှာ မိမိဘဝတိုးတက်ရာအာမခံချက် ပေးနိုင်သော လုပ်ငန်းများပေါ်တွင် အာရုံစိုက်မှုနည်းပြီး၊ လယ်လုပ်ခြင်းဖြင့်သာ အချိန်ကုန်ဆုံးနေ တတ်ပါသည်။ ထိုနည်းတူစွာပင်၊ လက်လုပ်လက်စားကျပန်းများမှာလည်း လုပ်ငန်းအတည်တကျ မရှိဘဲ၊ ရာသီပေါ်သီးနှံများပေါ်တွင်သာ ကျပမ်းအဖြစ်လုပ်ကိုင်စား သောက်နေကြရသည်။ ထိုသူများ အတွက် သင့်တော်သောအသက်မွေးဝမ်းကြောင်းဆိုင်ရာ အတတ်ပညာများ ရရှိအောင် ကျေးလက် ဦးစီးဌာနမှ သက်ဆိုင်ရာပြင်ပအဖွဲ့များနှင့် ချိတ်ဆက်ပြီး ကူညီဆောင်ရွက်သင့် ပါသည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည် ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည် ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်

များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင် အထည် ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုကငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်ကဦးစားပေးအစီအစဉ်ချ ခဲ့သောစီမံကိန်း များသည်ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များ တွင်ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့် စံနစ်တကျ ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မူဘောင်သည်သဘာဝ ဘေးအန္တရာယ်ဆိုး ဆိုးဝါးဝါးမ ကျပါကပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့ ကိုနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ထည့်သွင်းခြင်းအား ဖြင့်အစဉ်သဖြင့်ငါးနှစ်တာ စီမံချက်တစ်ခု အသင့် အနေအထားတွင် ရှိနေပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍ ဆိုင်ရာအရ ခွဲခြားခြင်း (Functional classification)နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက် ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ

ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဦးစားပေးစိမ်ချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စိမ်ချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
ကျေးရွာအဆောက်အအုံ					
	၁။မြို့မှကျေးရွာထိကျောက်ချောလမ်း၊ကတ္တရာလမ်းခင်းခြင်း	၉၂	၁	– ကျောက်ချောလမ်း၊ကတ္တရာခင်းခြင်း –(၁၀)မိုင်ဆောင်ရွက်ခြင်း	ကျေးလက်ဦးစီး
ပညာရေး					
စာသင်ကျောင်း	၂။ မူလတန်းလွန်ကျောင်းရရှိနိုင်ရေး	၇၂	၂	–ကျေးရွာ၏အလယ်တန်းနှင့်အထက်တန်းပညာတတ်မြောက်မှုတိုးတက်ရေး	
စိုက်ပျိုးရေး					
	၃။ စိုက်ပျိုးရေးလုပ်ငန်းများမှဝင်ငွေတိုးတက်ရရှိရေး	၇၂	၃	- စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတကျွမ်းကျင်မှုများတိုးတက်ရေး	–
လူငယ်ဖွံ့ဖြိုးရေး					

၄။ သက်မွေးဝမ်းကျောင်း နည်းပညာများ ပြန့်ပွါးလာရေး	၅၄	၅	- သက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများ ပို့ချပေးခြင်း၊ - အလုပ်အကိုင် အခွင့်အလမ်း ဖန်တီး ပေးခြင်း၊

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

၁။ စီမံချက်	အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁။ကျောက်ချောလမ်း၊ကတ္တရာ(၁၀)မိုင်ခင်းပေးခြင်း	၁	——				
၂။ မူလွန်ကျောင်းဆောင်သစ်ရရှိရေး	၂	——				
၃။ စိုက်ပျိုးရေးလုပ်ငန်းများမှဝင်ငွေတိုးတက်ရရှိရေး	၃		——			
၄။ အသက်မွေးဝမ်းကျောင်းနည်းပညာပြန့်ပွားလာရေး	၄			——		

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျက် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	ကျောက်ချောလမ်း၊ကတ္တရာ(၁၀)မိုင်			√		

	ခင်းပေးခြင်း					
၂	မူလွန်ကျောင်းဆောင်သစ်ရရှိရေး			√		
၃	စိုက်ပျိုးရေးလုပ်ငန်းများမှဝင်ငွေ တိုးတက်ရရှိရေး			√		
၄	အသက်မွေးဝမ်းကျောင်းနည်းပညာ ပြန့်ပွားလာရေး			√		

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြား သော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန်**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အစားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ

ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်း; ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်း အချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊

- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသောအခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃) လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမ ယင်းအခြေခံ သတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရပါမည်။ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(၁၁-၂) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %
၁ နှစ်အောက်	နို့စို့အရွယ်	၂	၁	၃	၁.၂%
၁ နှစ်မှ ၅နှစ်အောက်	၅နှစ်အောက်ကလေးငယ်	၇	၁၃	၂၀	၈.၁%
၅ နှစ်မှ ၉နှစ်အထိ	မူလတန်းကျောင်းသားအရွယ်	၁၇	၁၁	၂၈	၁၁.၃%
၉ နှစ်အထက်မှ ၁၄နှစ် အထိ	အလယ်တန်းကျောင်းသား အရွယ်	၁၄	၂၂	၃၆	၁၄.၆%
၁၄ နှစ်အထက်မှ ၆၀နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၇၂	၇၅	၁၄၇	၅၉.၇%
၆၀ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၆	၆	၁၂	၄.၈%
စုစုပေါင်း လူဦးရေ - ၂၄၆		**၁၁၈**	**၁၂၈**	**၂၄၆**	**၁၀၀%**
စုစုပေါင်း အိမ်ထောင်စု - ၆၀		**တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၄.၉%**			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေသည် (၅၉.၇) ရာခိုင်နှုန်း ရှိသဖြင့် ကျေးရွာ၏လူစွမ်းအား အရင်းအမြစ်ကောင်းဖြစ်သည်။ ၎င်းတို့ကို စွမ်းရည်မြှင့်တင်ပေးပြီးအ လုပ်အကိုင်များ ဖန်တီးပေးပါက စီးပွားရေး တိုးတက်လာနိုင်ပါသည်။ တစ်အိမ်ထောင်ပျမ်းမျှ လူဦးရေ မှာ (၄.၉) ရှိသဖြင့် နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှ လူဦးရေ(၅)နှင့် ညီမျှကြောင်း တွေ့ရသည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
၁	စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၆၀		၆၅	၇	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-	–	-		
၂	**တိရစ္ဆာန် မွေးမြူရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-				
၃	**ငါးဖမ်း လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၄	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၅	**ထုတ်ကုန်လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း				-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-		-	-	
၆	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-		-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-		-	-	
၇	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း			-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၈	**ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
၉	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**					
	ကိုယ်ပိုင် လုပ်ငန်း			-		
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၀	**လက်လီ-လက်ကား ရောင်းဝယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-		-	-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၁	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	-				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၂	**ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား			-	-	
၁၃	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၄	**အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				-	
၁၆	**ပညာရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊	-	-	-		

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	ရာသီအလိုက် အလုပ်သမား					
၁၇	**ကျန်းမာရေး**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-				
၁၈	**လူမှုရေး လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
၁၉	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၂၀	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)**					
	ကိုယ်ပိုင် လုပ်ငန်း	-			-	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	-			-	
	စုစုပေါင်း	၆၀	-	၆၅	၇	

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးရေးလုပ်သောကြောင့် ကိုယ်ပိုင်လုပ်ငန်းကို (၃)အိမ်ခန့်သာလုပ်ကိုင်နိုင်သည်။ ကျန်သောလုပ်ငန်းမှာ အလုပ်နည်းပါးသည်။ အများစုမှာ လက်ဖက်ခြံစိုက်ကြပါသည်။

(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၁	လယ်ယာလုပ်ငန်း	နေ့စား	၅၀၀၀	၅၀၀၀	၄၀၀၀	၃၀၀၀	
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-	
၃	ငါးလုပ်ငန်း - ရေချို/ရေငန်	နေ့စား	-	-	-	-	

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
	ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း						
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-	
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-	
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၈၀၀၀		၅၀၀၀		
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-	
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-	
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-	

ရင်းမြစ် ... **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

မှတ်ချက်

(၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (လစာ ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် မိုးတွင်းမှာ လုပ်အားခဈေးမြင့်ပြီး နွေရာသီတွင် လုပ်အားခ ဈေးနည်းပါးပါသည်။ အဘယ်ကြောင့်ဆိုသော် စိုက်ပျိုးရေးလုပ်ငန်းသာ အဓိကအားထားပြီး လုပ်ကိုင်စားသောက်သောကြောင့် ဖြစ်သည်။ ကျန်သောလုပ်ငန်းမှာ လက်သမားနှင့် လက်လီလက်ကား ရောင်းဝယ်ရေး အနည်းငယ် လုပ်ကိုင်ကြပါသည်။ အခြားလုပ်ငန်းများ လုပ်ကိုင်နိုင်ခြင်းမရှိပါ။

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၁	သင့်	မရ	ချောင်းရေ
ယာမြေ /တောင်ယာ	၁၄၀	သင့်	မရ	မိုးရေ
ဥယျာဉ်ခြံမြေ	၈၀	သင့်	မရ	မိုးရေ
အိမ်ခြံဝင်း စိုက်ခင်း				
နှစ်ရှည်သီးနှံစိုက်ခင်း				
ရွှေပြောင်းတောင်ယာမြေ	-			
ကိုင်း/ကျွန်းမြေ	-			
စားကျက်မြေ	-			
ပလပ်မြေ	-			
အခြား	-			
စုစုပေါင်း	၂၂၁			

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

မှတ်ချက်။ ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် မြေဆီလွှာအရည်အသွေးမှာ အသင့်တင့် ကောင်းမွန်ပါသည်။ လယ်မြေများအတွက် ချောင်းရေကို အဓိကအားထားရပါသည်။ ဆည်ရေရရှိမှုမရှိပါ။ ယာမြေ၊ တောင်ယာမြေ၊ အိမ်ခြံဝင်းစိုက်ခင်းနှင့် နှစ်ရှည်သီးနှံစိုက်ခင်းမှာ မိုးရေနှင့် စိုက်ပျိုးထွန်ယက်ကြပါသည်။ စားကျက်မြေ အများအပြားရှိပြီး ရွာလုံးကျွတ်ပိုင်အဖြစ် အသုံးပြုကြသည်။

(၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)
ကာဗွန် (ဓာတ်ငွေ့/ရေနံ)	မရှိ	လက်လှမ်းမမီ
အခြား ရင်းမြစ်များ	မရှိ	လက်လှမ်းမမီ
အခြားသဘာဝရင်းမြစ်		
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	သင့်	ခက်
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊	သင့်	လွယ်

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)
ဆေးဘက်ဝင်အပင်များ)		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ရွာတွင် တောတောင်ချိုင့်ဝှမ်းများ သစ်တောများ ထူထပ်သော ကြောင့် သဘာဝတိရစ္ဆာန်မျိုးစိတ် အသင့်တင့် ရှိပါသည်။ လက်လှမ်းမီနိုင်မှုမှာ အနည်းငယ် ခက်ပါသည်။ သဘာဝအပင်မျိုးစိတ်မှာ နွားစာ၊ ဆေးဘက်ဝင်အပင် အများအပြား ပေါက်ကြသည်။ အလွယ်တကူ လက်လှမ်းမီပါသည်။

(၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း(သို့)မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု				
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား(ဝင်ငွေ) အလွန်ကောင်း	စီးပွား(ဝင်ငွေ) အသင့်အတင့်	စီးပွား(ဝင်ငွေ) နည်း	စီးပွား(ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု - ၅၀	၅	၁၅	၃၀	၁၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ကျွန်တော်တို့ကျေးရွာတွင် ယာမြေပေါပါသည်။ လယ်မြေမှာ မရှိသလောက် ရှားပါးသည်။ မြေအဆင့် အသင့်တင့်ရှိသည်။ အများဆုံးစိုက်ခင်းမှာ လက်ဖက် စိုက်ပျိုးကြပါသည်။ ဆင်းရဲသော အိမ်ထောင်စုများမှာ မြေယာပိုင်ဆိုင်မှု မရှိကြပါ။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်			
၃ လနှင့် ၅ လ အထိ	-	-	
၆လ မှ ၁၂ လ အထိ	-	-	

ရင်းမြစ် .. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင်ဆင်းရဲသောအိမ်ထောင်စုများအနည်းငယ်သာ ရှိပါသည်။

(၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက်		-	-
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၆		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	-		
အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အမျိုးသမီး ဦးဆောင်သော ဆင်းရဲသည့်အိမ်ထောင်စုမှာ (၆)အိမ်ရှိပါသည်။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်	
၂	သဘာဝရင်းမြစ် ရှားပါးမှု(မြေ၊စိုက်ပျိုးရေ)	လတ်	
၃	ရေကြီးခြင်း	နိမ့်	
၄	မိုးခေါင်ခြင်း	မြင့်	
၅	အအေးလွန်ကဲခြင်း	လတ်	

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၆	မုန်တိုင်း	နိမ့်	
၇	ငလျင်	နိမ့်	
၈	မီးဘေး	လတ်	
၉	ဆားငန်ရေဝင်မြေ	နိမ့်	
၁၀	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	မြင့်	
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်	
၁၂	ဌက်ဖျားရောဂါ	လတ်	
၁၃	တီဘီရောဂါ	နိမ့်	
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	နိမ့်	
၁၅	ပြည်တွင်း ပဋိပက္ခ	နိမ့်	
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	နိမ့်	
၁၇	လူကုန်ကူးခြင်း	နိမ့်	
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည်	မြင့်	
၁၉	အခြား	-	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။။ ကျွန်တော်တို့ကျေးရွာတွင် ထိခိုက်လွယ်မှု မှာ မြေပြိုခြင်း၊ သစ်တောပြုန်းတီး ခြင်းနှင့် ဝေးလံခေါင်သီ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းများ ရှိသည်။ မြေပြိုခြင်းမှာ မိုးတွင်းတွင် တောင်ကမ်းပါးများ ပြိုလေ့ရှိသည်။ သစ်တောများကိုလည်း ထင်းအဖြစ် တောင်ယာအဖြစ်ခုတ်ပါသည်။ ကျွန်တော်တို့ရွာမှာ မြို့နှင့် (၇)မိုင်ခန့် ဝေးပါသည်။ မြေသားလမ်းဖြစ်သောကြောင့် မိုးတွင်းတွင် သွားလာရခက်ခဲပါသည်။ ရွာတွင် ကျန်းမာရေးဆေးပေးခန်းမရှိသောကြောင့် ကျန်းမာရေးအတွက် အခက်ခဲရှိပါသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) **ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	လတ်	
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့်	

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့်	
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	နိမ့်	
၅	မြစ်ကမ်းဘေး နေထိုင်သူများ	နိမ့်	
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင် နေထိုင်သူများ	နိမ့်	
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူ များ (IDP)	နိမ့်	
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	နိမ့်	
၉	ငါးကန်ပိုင်ရှင်	နိမ့်	
၁၀	လက်လုပ်လက်စား များ၊ ကျပန်း	လတ်	
၁၁	လူနည်းစုလူမျိုးများ	နိမ့်	
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ	နိမ့်	
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	နိမ့်	
၁၄	ရွှေတွင်းလုပ်သား	နိမ့်	
၁၅	ဆေးစွဲသူများ	လတ်	
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ	နိမ့်	
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	နိမ့်	
၁၈	နေရပ်ပြန် အခြေချသူများ	နိမ့်	
၁၉	ရွှေ့ပြောင်းလုပ်သားများ	နိမ့်	
၂၀	ကားသမား	နိမ့်	
၂၁	အခြား	-	

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရွာတွင် ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် သူများမှာ အမျိုးသမီး ဦးဆောင်ပြီး ဆင်းရဲသော မိသားစုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးပိုင်းမှာ ပညာရေးအားနည်းပြီး အယူသီးမှု များခြင်းကြောင့် ဦးဆောင်နိုင်စွမ်းနည်းပြီး ဝေဖန်သုံးသပ်နိုင်ခြင်း အားနည်းသောကြောင့်

ဖြစ်သည်။ စိုက်ပျိုးရေးသာ လုပ်ကိုင်ကြသည့် မြေယာမဲ့တောင်သူများလည်း ထိခိုက်သက်ရောက်မှု ခံရပါသည်။ ယာမြေမရှိလျှင် စိုက်ပျိုးရေးလုပ်ကိုင်၍ မရပါ။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင် ဖွဲ့စည်း သူများ (၄/၅)	စွမ်း ဆောင် နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	ဂေါပကအဖွဲ့							
၂	လူငယ်အဖွဲ့	၄				သာရေး/နာရေး		
၃	အန္တိုင်းမဲ့ ပရဟိတအသင်း							
၄	အမျိုးသမီး ရေးရာအဖွဲ့							
၅	ကျေးရွာစိုက်မွေး သမအသင်း							
၆	မဟာဩဘာ							
၇	မြတ်ကျွန်းသာ							
၈	ဖူလ်တန်							
၉	ကျေးရွာရန်ပုံငွေ အဖွဲ့							
၁၀	မီးလင်းရေး ကော်မတီ							

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြိုးသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများမှာ (၄)ဖွဲ့ခန့် ရှိပါသည်။ ထိုအဖွဲ့များမှာ ကျရာတာဝန်ကို အကောင်းဆုံး ထမ်းဆောင်ပြီး ကျေးရွာအတွက် ကောင်းကျိုးပြု ကြပါသည်။

(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁			
၂			
၃			
၄			
၅			
၆			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ ယခု ကျွန်တော်တို့ကျေးရွာတွင် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ မြေသားလမ်း အကျယ်ချဲ့ပေးနေပါသည်။ ရွာသူရွာသားများကလည်း လှိုက်လှိုက်လှဲလှဲ သဘာတူကြပါသည်။

(၂.၂) **စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ**

(၂.၂.၁) **သီးနှံထုတ်လုပ်ရေး**

(၂.၂.၁.၁) **စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၁၃) ကျေးရွာ၏ **စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁		မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁၀		ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကထိ	၂၆		တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၂၃		အလယ်အလတ်စား တောင်သူ
၅	၁၂.၅ ဧက အထက်	-	-	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၆၀		

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင်

(၂.၂.၁.၂) **အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ**

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် **ရေသွင်းဧရိယာ**

စဉ်	ရင်းမြစ်	အစိုးရ /ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု	
				တန္နစ်ပတ်လုံး/ ရာသီအလိုက်	လုံလောက်မှု (ရှိ/မရှိ)
၁	ဆည်	–			
၂	ရေလွှဲဆည်	-			
၃	မြစ်ရေတင်စီမံကိန်း	-			
၄	အဝီစိတွင်း	-			
၅	လက်ငင် ရေတွင်း	-			
၆	စိမ့်စမ်းရေ	-			
၇	ချောင်းရေ	အများပိုင်		တစ်နှစ်ပတ်လုံး	ရှိ
၈	အခြား	-			

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၂) **ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးရေးအတွက် ချောင်းရေကိုသာ အဓိကထား အသုံးပြုပါသည်။

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ကေ	သီးနှံထွက်မှု				သီးနှံစိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
ပြောင်း	၂၂၁	ဝိဿာ	၅၅၀	၇၀၀၀		ဇွန်	စက်တင်ဘာ	လတ်	လတ်	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာထွက်သီးနှံမှာ အများအားဖြင့် လက်ဖက်စိုက်ပါသည်။ တောင်ယာအသင့်တင့် စိုက်ကြပါသည်။ လယ်မြေကို ကျေးရွာရှိအိမ်ခြေ(၃)ပုံ (၁)ပုံခန့်သာ စိုက်ပျိုးနိုင်ပါသည်။

(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	ပိုင်ဆိုင်မှု					စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်	မှတ်ချက်/အခြေအနေ
	တစ်ဦးချင်းပိုင်	အဖွဲ့ပိုင်		ရွာပိုင်			
		အရေအတွက်	လယ်သမားဦးရေ	အရေအတွက်	လယ်သမားဦးရေ		
ထွန်စက်		-	-	-	-	-	
လက်တွန်းထွန်စက်	၁	-	-	-	-	-	
အစေ့ချ ကိရိယာ	-	-	-	-	-	-	
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	-	-	-	
ရိတ်သိမ်းစက်	-	-	-	-	-	-	
ခြွေလှေ့စက်	-	-	-	-	-	-	
ရေစုပ်စက်	-	-	-	-	-	-	
ခြေနင်းရေတင်စက်	-	-	-	-	-	-	

စက်အမျိုးအစား	ပိုင်ဆိုင်မှု					စက်ကိရိယာ ငှားရမ်းလုပ် ကိုင်နေသော တောင်သူ အရေအတွက်	မှတ်ချက်/ အခြေအနေ
	တစ် ဦး ချင်း ပိုင်	အဖွဲ့ပိုင်		ရွာပိုင်			
		အရေ အတွ က်	လယ် သမား ဦးရေ	အရေ အတွ က်	လယ် သမား ဦးရေ		
မြက်ရိတ်စက်		-	-	-	-	-	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိလယ်သမားအများစုမှာ လက်မှုလယ်ယာ အသုံးပြုကြပါသည်။ စက်ကိရိယာ အသုံးပြုမှု နည်းပါးသည်။

(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီဩဇာ)	သင့်
ရေရင်းမြစ်	အသင့်အတင့်
သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေဩဇာ	သင့်
အော်ဂဲနစ်/ဓာတု ပိုးသတ်ဆေး	သင့်
ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ	အသင့်အတင့်ရနိုင်
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အသင့်အတင့်ရနိုင်
သွင်းအားစုဈေးကွက်	အသင့်အတင့်ရနိုင်
ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု	သင့်
အခြား	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် မြေလွတ်မြေရိုင်းများ အများအပြားရှိပြီး ခြံ၊ယာ လုပ်ရန် အခွင့်အလမ်းကောင်းများ ရှိပါသည်။ သဘာဝမြေဩဇာအဖြစ် ကျွဲချေး၊ ကြက်ချေး ကို အသုံးပြု

ကြပါသည်။ စိုက်ပျိုးရန် မျိုးကောင်းမျိုးသန့်များရှိပြီး ထုတ်လုပ်မှုစျေးကွက်မှာ လက်ဖက်က အားသာချက်များရှိပါသည်။ အထွက်နှုန်းနှင့် စျေးနှုန်းကောင်းပါသည်။ ရွာထဲတွင် ပွဲစားရှိပါသည်။

(၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၈) **သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်
စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု	
မြေဆီဩဇာ အခြေအနေ	
ငွေကြေးအရင်းအနှီးရရှိနိုင်မှု	
စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု	
လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ)	
ရေရင်းမြစ်များ ရရှိနိုင်မှု	
စိုက်ပျိုးရေမလုံလောက်မှု	
ဖျက်ပိုးနှင့် ရောဂါ	
စျေးကွက် လက်လှမ်းမီမှု	
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	
အခြား	-

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - **လယ်သမား အုပ်စု၊** (၂) **သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။**

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးရေးအတွက် ပြဿနာမှာ အရင်းအနှီးမရှိခြင်းဖြစ်သည်။ လူငှါးရန်နှင့် စိုက်ပျိုးကာလသုံးရန် ငွေလိုအပ်သည်။ စိုက်ပျိုးရာတွင်လည်း အသိပညာအားနည်းကြသည်။ လုပ်သလောက် အရာမထင်မှု များသည်။

(၂.၂.၂) မွေးမြူရေးလုပ်ငန်း

(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
မွေးမြူရေး			
ခိုင်းနွား			
နို့စားနွား	-	-	

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	ကောင်ရေ	မှတ်ချက်/အခြေအနေ
မြင်း	-	-	
ကျွဲ	-	-	
မြည်း	-	-	
လား	-	-	
ဆိတ်	-	-	
သိုး	-	-	
ဝက်			
ကြက်	၃၆	၃၀၅	
ဘဲ	-	-	
နွားနောက်	-	-	
အခြား	-	-	
ငါးလုပ်ငန်း			
ငါးကန်	-	-	
ပုဇွန်ကန်	-	-	
ဂဏန်းမွေးမြူရေးလုပ်ငန်း	-	-	
ရေချို ငါးဖမ်းလုပ်ငန်း	-	-	
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-	
အခြား	-	-	

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - **လယ်သမား အုပ်စု။**
လေ့လာတွေ့ရှိချက်။ ။ **ကျွန်တော်တို့ကျေးရွာတွင် ကြက်ကောင်ရေ(၃၀၅)ကောင်သာရှိပါသည်။**

(၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
မွေးမြူရေး	
စားကျက်မြေ	**စားကျက်ရရှိနိုင်မှုအသင့်အတင့်**
ရေရရှိမှု	**အသင့်အတင့်ရ**
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	**အသင့်အတင့်ရ**
ချေးငွေ	**အသင့်အတင့်ရ**
သွင်းအားစုဈေးကွက်	**အသင့်အတင့်ရ**
ဝန်ဆောင်မှုဈေးကွက်	**သင့်**
ထုတ်ကုန်ရောင်းဝယ်မှု	**သင့်**
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	**အသင့်အတင့်ရ**

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
အခြား	-
ငါးလုပ်ငန်း	
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	-
ချေးငွေ	-
သွင်းအားစု လက်လှမ်းမီမှု	-
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	-
ထုတ်ကုန်ရောင်းဝယ်မှု	-
အခြား	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် မွေးမြူရေးအတွက် စားကျက်မြေ အများအပြား ရှိပါသည်။ သို့သော် ထိန်းကျောင်းရန် လိုသည်။ မွေးမြူရန် အိမ်ခြံမြေ အလုံအလောက် ရှိပါသည်။

(၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေရရှိနိုင်မှု	အသင့်အတင့်
ကူးစက်ရောဂါဖြစ်ပွားမှု	အသင့်အတင့်
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	မရှိ
စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု	မရနိုင်
အခြား	-
ငါးလုပ်ငန်း	
ငါးဖမ်းခွင့် ရရှိနိုင်မှု	-
ချေးငွေရရှိနိုင်မှု	-
အခြား	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် မွေးမြူရေးလုပ်ရန်အတွက် အရင်းအနှီး လိုအပ်ပါသည်။

(၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း	-	-	-	
၂	ထုတ်ကုန်လုပ်ငန်း	-	-	-	
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး	-	-	-	
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း	၁	၁၀	-	
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	-	-	-	
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)	-	-	-	
၇	လက်လီ-လက်ကားရောင်းဝယ်ရေး	-	-	-	
၈	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	-	-	-	
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး	-	-	-	
၁၀	ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)	-	-	-	
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်း ခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ	-	-	-	
၁၂	ပြည်သူဝန်ဆောင်မှုလုပ်ငန်း	-	-	-	

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရုပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
	များ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် **ဘေးကင်းလုံခြုံရေး**)				
၁၃	ပညာရေး	၂		၆	
၁၄	ကျန်းမာရေး	-	-	-	
၁၅	လူမှုရေးလုပ်ငန်းများ	-	-	-	
၁၆	အိမ်များတွင် အင်္ဂဝါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ	-	-	-	
၁၇	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies. etc.,)	-	-	-	
	စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ	-	-	-	

ရင်းမြစ် ...(၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - **ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် အိမ်ဆိုင်လက်လီလက်ကား ရောင်းဝယ်သူ (၃)အိမ်ရှိပါသည်။ တစ်ရွာလုံးနီးပါး ခြံစိုက်အလုပ်သာ လုပ်ကိုင်ကြပါသည်။

(၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃-က) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
လမ်းပန်းဆက်သွယ်ရေး	**အသင့်အတင့်**
စက်မှုဇုန်များနှင့်နီးခြင်း	
ဆက်သွယ်ရေး	**အသင့်အတင့်**
ဈေးကွက်လက်လှမ်းမှီမှု	**အသင့်အတင့်**
လျှပ်စစ်မီးရရှိသုံးစွဲနိုင်မှု	**ပုံမှန်မရ**

ရင်းမြစ် ... **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - **ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ**

လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။
လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် အိမ်ဆိုင်ဖွင့်လျှင် ဈေးဝယ်များသောကြောင့် အမြတ်များများ ရနိုင်ပါသည်။ အိမ်ဆောက်ရန် လက်သမားခဈေးကြီးသောကြောင့် လက်သမား အလုပ်လည်းအဆင်ပြေပါသည်။

ဇယား (၂၃-ခ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ ရှင်းလင်းချက်
အသက်မွေးဝမ်းကျောင်းနည်းပညာ ဝန်ဆောင်မှုရရှိမှု	နည်း
အရင်းအနှီး	နည်း
အလုပ်အကိုင်အခွင့်အလမ်း	နည်းပါး
ပညာတတ်မြောက်မှု	နည်းပါး
လျှပ်စစ်မီး	ပုံမှန်မရ
လမ်းပန်းဆက်သွယ်ရေး	အသင့်အတင့်
ဈေးကွက်ဆိုင်ရာအသိရှိမှု	နည်းပါး
ချေးငွေလက်လှမ်းမီမှု	လုံလောက်မှုမရှိ
လုပ်သားအင်အား	ရှားပါး
တည်ငြိမ်အေးချမ်းမှု	အားနည်း
ကုန်ကြမ်းရရှိနိုင်မှု	နည်းပါး

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။
လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အသက်မွေးဝမ်းကျောင်းနည်းပညာ ဝန်ဆောင်မှုရရှိရန်လည်း ခက်ခဲနေပါသည်။

(၂.၃) ရွှေပြောင်းလုပ်သားများ

(၂.၃.၁) ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

#	ပုံစံ	အိမ်ထောင်စု အရေအတွက်	လူဦးရေ			ပြည်တွင်း			ပြည်ပ		
			ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
၁	ရွှေပြောင်းလုပ်သားတစ်ဦး အနည်းဆုံးရှိသော အိမ်ထောင်စု					-	-	-			
၂	ရွှေပြောင်းလုပ်ကိုင်သောကျေးရွာရှိလူဦးရေ	-	-	-	-	-	-	-	-	-	-
၃	ကျေးရွာပြင်ပသို့ ရွှေပြောင်းမှုကာလ										

#	ပုံစံ	အိမ်ထောင်စု အရေအတွက်	လူဦးရေ			ပြည်တွင်း			ပြည်ပ		
			ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
	၃ လ အထိ	-	-		-	-	-	-	-	-	-
	၆ လ အထိ	-	-		-	-	-	-	-	-	-
	၁၂ လ အထိ	-	-		-	-	-	-	-	-	-
	၁၂ လ အထက်	-				-	-	-			

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။

(၂.၃.၂)ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) **ရွှေ့ပြောင်းသွားလာ**ရခြင်း၏ အဓိက အကြောင်းရင်း

စဉ်	အကြောင်းအရာ	လူဦးရေ
၁	ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန်	
၂	နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း	-
၃	ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း	-
၄	အခြား	-

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ရွှေ့ပြောင်းပြီး အလုပ်လုပ်ကိုင်သူမရှိပါ။

(၂.၃.၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

စဉ်	အကြောင်းအရာ	အိမ်ထောင်စု အရေအတွက်				
		စုစု ပေါင်း	% ကျေးရွာ အတွင်းရှိ စုစုပေါင်း အိမ်ထောင်စု	မြင့်	လတ်	နိမ့်
၁	ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက်					
၂	ပြန်ပို့ငွေ လမ်းကြောင်းများ					
	- ငွေလွှဲလုပ်ငန်း (ဟွန်ဒီ)			-	-	-
	- ဘဏ်			-	-	-
	- လူကြုံဖြင့်လွှဲပို့ခြင်း			-	-	-
	- ငွေလွှဲလုပ်ငန်းနှင့် ဘဏ်	-		-		-
	- ငွေလွှဲလုပ်ငန်း၊ ဘဏ်နှင့်လူကြုံဖြင့်လွှဲပို့ခြင်း			-	-	-

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။

(၂.၄) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ရွာမှအကွာအဝေးမိုင်	၅မိုင်မှ၁၀မိုင်	၁၁မိုင်မှ၂၀မိုင်
သယ်ယူပို့ဆောင်ရေးလမ်းကြောင်းနှင့်ဂုဏ်း၏အထောက်အပံ့များ	ကုန်းလမ်း	ကုန်းလမ်း
ကုန်စည်နှင့်ဝန်ဆောင်မှုရရှိနိုင်မှုအမျိုးအစားများ	ပစ္စည်းစုံ၊ဝန်ဆောင်မှုရနိုင်	ပစ္စည်းစုံ၊ဝန်ဆောင်မှုရနိုင်
ဈေးအခြေခံအဆောက်အဦး	ကောင်း	ကောင်း

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ရွာနှင့် အနီးဆုံးဈေးမှာ လွိုင်လင်ဈေးဖြစ်ပါသည်။(၇)မိုင်ခန့် သွားရပါသည်။ အရောင်းအဝယ်မှာ ပင်လုံဈေးတွင် ရောင်းဝယ်ရေး ပိုအဆင်ပြေ လွယ်ကူပါသည်။ ပို့ဆောင်ယာဉ် အဖြစ်ဆိုင်ကယ်များကိုသာ အသုံးပြုကြပါသည်။ ဈေးအခြေခံအဆောက်အဦး ကောင်းမွန်ပါသည်။

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ချေးငွေရရှိနိုင်သည့်နေရာ	ငွေကြေးဝန်ဆောင်မှုအမျိုးအစား	ပြန်လည်ပေးဆပ်ရမည့် ကာလ	အတိုးနှုန်း (လ)	အပေါင်ခံပစ္စည်းလိုအပ်မှု	ချေးငွေရရန် အခက်အခဲများ
အစိုးရဘဏ်(စိုက်ပျိုးရေး ဘဏ်၊သမဝါယမချေးငွေ)					
ပုဂ္ဂလိကဘဏ်	-	-	-	-	-
ပုဂ္ဂလိကအသေးစားချေးငွေဝန်ဆောင်မှုကဏ္ဍ					
အဖွဲ့အလိုက်ငွေစု/ငွေချေးအစီအစဉ်					
ငွေချေးပေးသူ	-	-	-	-	
အပေါင်ဆိုင်	-	-	-	-	-

ချေးငွေ ရရှိနိုင်သည့် နေရာ	ငွေကြေး ဝန်ဆောင်မှု အမျိုးအစား	ပြန်လည် ပေးဆပ်ရမည့် ကာလ	အတိုးနှုန်း (လ)	အပေါင်ခံ ပစ္စည်း လိုအပ်မှု	ချေးငွေရရန် အခက်အခဲများ
မိတ်ဆွေနှင့်ဆွေမျိုးများ	ကာလတိုချေးငွေ	၃လမှ၆လ အတွင်း		မရှိ	ရှိ
အခြား	-	-	-	-	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှု ပေးသောအဖွဲ့များ။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ရွာသားများ ပိုက်ဆံလိုလျှင် မိတ်ဆွေ (သို့မဟုတ်) ဆွေမျိုးများထံမှ ချေးယူကြပါသည်။ ပြန်လည်ပေးဆပ်ရမည့် ကာလ သတ်မှတ်ခြင်းမရှိပါ။ အတိုးနှုန်း မှာလည်း တူညီမှု မရှိပါ။

(၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

(၂.၆.၁) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

အခက်အခဲ	အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီဩဇာ အခြေအနေ	မြင့်	
အပင်မျိုးစိတ်များ	မြင့်	
ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု	လတ်	
ရေရင်းမြစ်	လတ်	
ငါးမျိုးကွဲများ	လတ်	
အခြားတိရစ္ဆာန်မျိုးကွဲများ	လတ်	
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု	မြင့်	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင်မြေဩဇာအသုံးပြုမှုများသောကြောင့် မြေဆီလွှာ ပျက်ဆီးပါသည်။ ထင်း၊ ခြံများ ခုတ်ယူမှုကြောင့် တောပြုန်းတီးသည်။ အမှိုက်များ စနစ်တကျ စွန့်ပစ်မှု အားနည်းပါသည်။

(၂.၇) ပညာရေး

(၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

အတန်းပညာပြီးမြောက်မှု	ကျား	မ	ပေါင်း	၉ နှစ်နှင့်အထက် လူဦးရေ၏ %
စာမတတ်သူဦးရေ	၂၉	၆၄	၉၃	
ဘုန်းကြီးကျောင်းသင်ပညာရေး	၄၀	၁	၄၁	
မူလတန်းပညာရေး မပြီးဆုံးသူဦးရေ	၂၀	၃၀	၅၀	
မူလတန်းပညာရေး ပြီးဆုံးသူဦးရေ	၂	၇	၉	
အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ	-	၂	၂	
အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ	-	-	-	
တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ	-	-	-	
၉ နှစ်နှင့်အထက် လူဦးရေပေါင်း	၉၁	၁၀၄	၁၉၅	

ရင်းမြစ် ...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် လူဦးရေအများအပြားမှာ စာမတတ်ကြပါ။ အများအား ဖြင့် အသက်(၄၀)ကျော် အထက်လူကြီးပိုင်းများ ဗမာစာ၊ ဗမာစကား မတတ်ကြပါ။ ကျွန်တော်တို့ရွာ တွင် အနာဂတ်အတွက် လူငယ်များကို ပိုမို၍ စာတက်မြောက်စေချင်ပါသည်။ ထို့ကြောင့် ကျေးရွာအင် အားနှင့် မလုံလောက်သော ကိစ္စဖြစ်၍ အစိုးရ လူ့အဖွဲ့အစည်းမှ အကူအညီလည်း လိုအပ်ပါသည်။

(၂.၇.၂) ကျောင်းတက်နှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏
မူလတန်း(၅-၉နှစ်)	၂၁	၁၈	၃၉	
အလယ်တန်း (၁၀-၁၄နှစ်)	၂	၆	၈	
အထက်တန်း (၁၅-၁၆ နှစ်ကြား)	၂	၂	၄	-
တက္ကသိုလ် ကျောင်းသား၊ သူ				-

ရင်းမြစ် ... (၁) **ကျောင်းဝင်စာရင်း၊** (၂) **ဆယ်အိမ်မှူးများ။**

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင်းရှိ လက်ရှိပညာသင်ယူနေသော ကလေးသူငယ်များမှာ အလယ်တန်းတတ်သူ များပြားလာပါသည်။ ယခင်မူလတန်းသာ တက်ရောက်သူ များပြားသည်။ ယခုအခါ အလယ်တန်းနှင့် အထက်တန်း တက်ရောက်သူ များပြားလာသောကြောင့် ပညာရေးနှင့် ပတ်သက်၍ တိုးတက်ကောင်းမွန်လာသည်ဟု ထင်မြင်မိပါသည်။

(၂.၇.၃) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	**မူလတန်းကျောင်း**					
ရွာမှအကွာအဝေး(မိုင်)	၀မိုင် မှ ၁မိုင်					
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင်					
စာသင်ကျောင်းအရွယ်အစား (အလျား၊ အနံ၊အမြင့်)	၆၀'×၃၀'×၁၀'					
အမိုး၊နံရံ၊အခင်း အရည်အသွေး	အမိုးကိုသွပ်ဖြင့်မိုးထားပြီးအကာမှာသစ်သားဖြင့်ကာထားပြီးအခင်းမှာမြေကြီးဖြစ်ပါသည်။					
ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/မရှိ) နှင့် ကျောင်းအိမ်သာအခြေအနေ	မရှိ					
ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရအမျိုးအစားနှင့် ကြိမ်ရေ)	မရှိပါ။					
ကျောင်းဆရာဦးရေ	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**
အစိုးရခန့်		၆	၆		-	-
ကျေးရွာခန့်	-	-	-			

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - **ရပ်မိရပ်ဖ အုပ်စု၊** (၂) **မိဘဆရာအသင်း။**

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာ၏ လက်ရှိစာသင်ကျောင်းအခြေအနေမှာ အသင့်တင့်ကောင်းမွန်ပါသည်။ မူလွန်ကျောင်းဖြစ်နေ၍ လက်ရှိတွင်မူ မူလတန်းကျောင်းအဆင့်သာ ရှိသေးသည်။ ကျောင်းတက်သူ ကျောင်းသူ၊ ကျောင်းသားများ ယာယီကျောင်းဆောင်ဖြင့်သာ တက်ရောက်ရပါသည်။

(၂.၇.၄) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၃) **ပညာရေး** အခက်အခဲနှင့် ပြဿနာများ

အခက်အခဲ/ ပြဿနာ	**ရှင်းလင်းချက်**
ကျောင်းဆရာ/မ ရရှိနိုင်မှု	လုံလောက်ပါသည်။

အခက်အခဲ/ပြဿနာ	ရှင်းလင်းချက်
တပည့် - ဆရာ အချိုး	၄၀:၁
မူလတန်းပညာ ကျောင်းထွက်နှုန်း	မရှိ
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	မရှိ
ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ	လုံလောက်မှုမရှိ
ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု	လတ်
ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု	မရှိ
မိဘဆရာအသင်း၏အခန်းကဏ္ဍ	သင့်

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - ရပ်မိရပ်ဖ အုပ်စု၊ (၂) **မိဘဆရာအသင်း**။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာအတွင်းရှိ ကလေးလူငယ်များ ပညာသင်ကြားပေး နေသော ဆရာမ(၇)ဦး ရှိပါသည်။ မူလွန်အထိတိုးမြင့်မှုကြောင့် အလယ်တန်းပြ ဆရာမ လိုအပ်နေပါ သည်။ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ ထောက်ပံ့မှု အားနည်းနေပါသည်။ ဆင်းရဲသောမိသားစု အတွက် ကျောင်းစရိတ်ပေးရန်မလိုပါ။ ကျောင်းအားကစားလက်လှမ်းမီနိုင်မှု အလွန်အားနည်းနေပါ သည်။

(၂.၈) ကျန်းမာရေးနှင့်အာဟာရ

(၂.၈.၁) အဖြစ်များသောရောဂါများ

ဇယား (၃၄) **အဖြစ်များသော** ရောဂါများ

#	*ရောဂါ*	*ပျံ့နှံ့မှု/ဖြစ်ပွားမှု*			*မှတ်ချက် / သုံးသပ်ချက်*
		မြင့်	*နိမ့်*	*မရှိ*	
၁	ဝမ်းပျက်ဝမ်းလျှောက	√			
၂	သွေးလွန်တုပ်ကွေး		√		
၃	ငှက်ဖျား		√		
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ		√		
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ			√	
၆	တီဘီ		√		
၇	ဆီးချို		√		
၈	သွေးတိုး	√			

#	ရောဂါ	ပျံ့နှံ့မှု/ဖြစ်ပွားမှု			မှတ်ချက် / သုံးသပ်ချက်
		မြင့်	နိမ့်	မရှိ	
၉	အသည်းရောဂါ (ဘီ၊ စီ)		√		
၁၀	အာဟာရချို့တဲ့မှု			√	
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ			√	

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် အဖြစ်များသောရောဂါမှာ ဝမ်းပျက်ဝမ်းလျှော၊ တုပ်ကွေး၊ သွေးတိုး၊ အသည်းရောဂါ အဖြစ်များပါသည်။ အကြောင်းမှာ ကျေးရွာရှိ လူတိုင်းနီးပါး ကျန်းမာရေး အသိပညာ အားနည်းနေသောကြောင့်ဖြစ်သည်။

(၂.စ.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု

စဉ်	ကာကွယ်ဆေးထိုးခြင်း၊ အာဟာရ	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၁	အဆုတ်ရောဂါ		√	
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	√		
၃	ပိုလီယိုရောဂါ	√		
၄	မေးခိုင် (ကိုယ်ဝန်ဆောင်ကာလအတွင်း)	√		
၅	ဝက်သက်ရောဂါ	√		
၆	အခြားစုပေါင်း**ကာကွယ်ဆေးထိုးနှံမှု**	√		
၇	အာဟာရမှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	√		
၈	အာဟာရပညာပေးအစီအစဉ်	√		

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ကျန်းမာရေးဌာန မရှိပါ။ကာကွယ်ဆေး သုံးလတစ်ကြိမ် လာထိုးပေးလေ့ရှိပါသည်။ ကျေးရွာရှိ(၅)နှစ်အောက် ကလေးငယ်များကို ကာကွယ်ဆေး

ထိုးပေးလေ့ရှိသည်။

(၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာ အဝေး (မိုင်)	အခန်း/ ကုတင် (လုံလောက် မှုရှိ /မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)	မှတ်ချက်
ကျေးလက် ကျန်းမာရေး ဌာန	၁မိုင်မှ၃မိုင်	ရှိ		လုံလောက်	
တိုက်နယ် ဆေးရုံ					
မြို့နယ် ဆေးရုံ	၅မိုင်မှ၁၀မို င်	ရှိ		လုံလောက်	
ဆေးဆိုင်					

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနသို့ (၃)မိုင်ခန့် သွားရပါသည်။ ကျန်းမာရေးဝန်ထမ်း(၄)ဦး ရှိသည်။ မြို့နယ်ဆေးရုံကို (၆)မိုင်ခန့် သွားရပါသည်။ ကျေးလက်ဆေးပေးခန်းနှင့် အလှမ်းဝေးသောကြောင့် မိုးတွင်းတွင် အခက်အခဲ ရှိသည်။ ကျွန်တော်တို့ရွာတွင် ကျေးလက်ဆေးပေးခန်း တစ်ခု ထားပေးစေချင်ပါသည်။

(၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အရေ အတွက်	အကောင်း/ အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
စိမ့်စမ်းရေ	၄	သင့်	√	√	√	
အဝိစိတွင်း (စက်တပ်)	-					
အဝိစိတွင်း/တုံကင်	-					

ရေရရှိနိုင်မှု	အရေအတွက်	အကောင်း/အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
ကန်	-					
မြစ်/ချောင်း	-					
မိုးရေသိုလှောင်ကန်	-					
စိမ့်စမ်းရေသွယ်တန်းခြင်း	-					
အခြား	-					

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြဓမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် စိမ့်စမ်းရေတွင်းကို အားထားနေရပါသည်။ သစ်တောပြုန်းတီးမှု များလာသောကြောင့် ရေခမ်းလုနီးပါးဖြစ်နေပါသည်။ ကျေးရွာလူဦးရေများလာသည်နှင့်အမျှ ရေရှားပါးမှု ပြဿနာကိုလည်း ခံစားလာရပါသည်။

(၂.၉.၂)သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သောအိမ်သာအမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
ယင်လုံအိမ်သာ	-	
ကျင်းအိမ်သာ	၅၀	
မြေပေါ် အိမ်သာ	-	
တောထိုင်	-	
စုစုပေါင်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ယင်လုံအိမ်သာ အသုံးပြုမှု နည်းပါးသည်။ အဘယ်ကြောင့်ဆိုသော် နွေရာသီတွင် ရေရှားပါးသောကြောင့် ဖြစ်သည်။ ကျန်းမာရေး အသိပညာအားနည်းသောကြောင့်လည်း ဖြစ်သည်။ ယခုအခါတွင်မူ ကျင်းအိမ်သာ အသုံးပြုမှုသာ များနေသေးသည်။

(၂.၁၀) ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ကိစ္စရပ်ဆိုင်ရာ

#	*ကျား-မ ကိစ္စရပ်ဆိုင်ရာ*	*ရှိ*	*မရှိ*	*မှတ်ချက် / သုံးသပ်ချက်*
၁	ကျေးရွာ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီး တက်ကြွစွာ ပါဝင်မှု/ ခေါင်းဆောင်မှု		√	

#	*ကျား-မ ကိစ္စရပ်ဆိုင်ရာ*	*ရှိ*	*မရှိ*	*မှတ်ချက် / သုံးသပ်ချက်*
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	√	-	
၃	**လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ**	-	√	
၄	**အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု**	√		
၅	အခြား (ရှိလျှင်)			

ရင်းမြစ်... (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာ၏ စီမံမှုစနစ်တွင် အမျိုးသမီးပါဝင်မှု မရှိသလောက်ရှားပါးသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွင် ပါဝင်မှု အများအပြားရှိပါသည်။ အခြားကိစ္စများတွင် ပါဝင်မှု အသင့်တင့်ရှိကြပါသည်။

(၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

(၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

လမ်း အမျိုးအစား	အမျိုးအစား (၁/၂/၃)	ကောင်း/ဆိုး	တည်ဆောက်ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု		လမ်းအရှည် (မိုင်)
				ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး	
ရွာတွင်းလမ်း	၁	ညံ့	-	-	√	-
ချဉ်းကပ်လမ်း	၁	ညံ့	-	-	√	-
ရွာချင်းဆက်လမ်း	၁	ညံ့	-	-	√	-
အခြား	-	-	-	-	-	-

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာ၏လမ်းမှာ မြေသားလမ်းသာ ဖြစ်သည်။ ရွာတွင်းလမ်း၊ ချဉ်းကပ်လမ်း၊ ရွာချင်းဆက်လမ်းများ အားလုံး မြေသားလမ်းဖြစ်သည်။ မြို့သွားလမ်းနှင့် ရွာတွင်းလမ်းမကြီးကို ကျောက်ချောလမ်း ဖြစ်စေချင်ပါသည်။ လမ်းအားလုံးမြေသားလမ်း ဖြစ်သောကြောင့်

မိုးရာသီတွင် သွားလာရအလွန်ခက်ခဲပါသည်။

(၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

တံတား အမျိုးအစား	အရွယ်အစား	ကောင်း/ဆိုး	တည်ဆောက်ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီ	
				ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
ဆိပ်ခံတံတား	-				
ကွန်ကရစ်တံတား	–			-	
ကြိုးတံတား	-				
ရေပြွန်	-	-		-	
အခြား					

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် တံတားမရှိသလောက်ရှားပါးသည်။ မိုးရာသီတွင် တောင်ကျရေကြီးသောကြောင့် လမ်းများပျက်ဆီးပါသည်။ ရွာတွင်းမှာ ရေပြွန်တစ်ခုသာ ရှိပါသည်။ ထို့ကြောင့် ရွာချင်းဆက်လမ်းနှင့် ရွာတွင်းလမ်းမ (၂)နေရာခန့် တံတားလုပ်ဖို့ရန် လိုအပ်နေပါသည်။

(၂.၁၁.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၄၂) **ရေကြောင်း** သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (မိုင်)	ယာဉ် အမျိုးအစား	ရာသီအလိုက် သုံးစွဲနိုင်မှု	
			ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
မြစ်ကြောင်း	-			
ပင်လယ်ရေကြောင်း	-			
အခြား	-			

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေ၊သမ္ဗာန် ၂ - မော်တော် ၃ - သင်္ဘော

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ရေကြောင်းသယ်ယူပို့ဆောင်ရေးမရှိပါ။

(၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	စက်လှေ	လှေ၊ သမ္ဗာန်	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်၊ ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	-	-		၃၂			-	

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအတွက် မော်တော်ဆိုင်ကယ်

ကိုသာ အသုံးပြုမှုများပြားပါသည်။ လိုအပ်မှုရှိလျှင် မြို့(သို့မဟုတ်)အခြားရွာမှ ကားငှါးကြပါ သည်။

(၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ/မရှိ
မဟာဓာတ်အားလိုင်း			မရှိ
ဆိုလာစနစ်	၄၂	ကောင်း	
အသေးစားရေအားလျှပ်စစ်	-	-	
ဒီဇယ်သုံးအင်ဂျင်	-		
လေစွမ်းအင်	-		
ဇီဝလောင်စာ	-		
အခြား	၈	-	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ရွာတွင် လျှပ်စစ်မီးရရှိမှု မရှိပါ။အသေးစား ဆိုလာမီးစနစ် သုံးကြသူများ ရှိသကဲ့သို့ ကိုယ်ပိုင်ရေအားလျှပ်စစ် သုံးကြသူလည်း အနည်းငယ်ရှိပါသည်။

(၂.၁၃) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	ဂြိုလ်တုစလောင်း	အခြား
အရေအတွက်	၄၄	၁	၂၂		-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာမှာ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ရယူဖို့ရန် တွက်ဖုန်းနှင့်တီဗွီကို အသင့်တင့် အသုံးပြုကြပြီး ရေဒီယိုနှင့်ဂြိုလ်တုစလောင်းကို သိပ်အသုံး မပြုကြပါ။

(၂.၁၄) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

လုပ်ငန်းအမည်	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု	မရှိ
လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု	သင့်
ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု	သင့်
အားကစားပစ္စည်းများအား လက်လှမ်းမီမှု	မရှိ
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု	သင့်

လုပ်ငန်းအမည်	ဝန်ဆောင်မှု
ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး	များ
စာကြည့်တိုက်၊အင်တာနက်စသည်များအား လက်လှမ်းမီမှု	ရှိ

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာအတွင်းရှိ လူငယ်များမှာ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စများကို ပါဝင်ဆောင်ရွက်ရာတွင် စိတ်အားထက်သန်ကြပါသည်။ အများအားဖြင့် သာရေး၊ နာရေး၊ ဘာသာရေးနှင့် အမျိုးသားရေးကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ကြပါသည်။ အားကစားကွင်းနှင့် အပန်းဖြေနိုင်သည့်နေရာများမှာ ရွာအနေအထားမြေပြန့်မဟုတ်သောကြောင့် လက်လှမ်းမီနိုင်ရန်ခက်ခဲပါသည်။

(၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

(၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဝန်ဆောင်မှုများ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦများအား လက်လှမ်းမီမှု	သင့်
အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု	မရှိ
လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျော့ချရေးအစီအစဉ်	မရှိ
ရဲစခန်းများအား လက်လှမ်းမီမှု	လက်လှမ်းမမှီ
အခြား	-

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာ၏ ဘေးကင်းလုံခြုံရေးနှင့် ဝန်ဆောင်မှု အထောက်အကူများအနေနှင့် ဆက်သွယ်ရေးဖုန်းလိုင်းမိပါသည်။အခြားမှာ လက်လှမ်းမီနိုင်ခြင်းမရှိသေးပါ။

(၂.၁၅.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
စိုးရိမ် /သာမန်	မရှိ	သာမန်	သာမန်	မရှိ

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

မှတ်ချက် - စိုးရိမ် = ၁၊ သာမာန် - ၂

လေ့လာတွေ့ရှိချက်။။ ကျွန်တော်တို့ရွာမှာ တည်ငြိမ်အေးချမ်းသော ရွာလေးဖြစ်သောကြောင့် မှုခင်းဖြစ်ပွားမှု မရှိသလောက် အလွန်နည်းပါးပါသည်။ လူကုန်ကူးမှု မရှိဖူးပါ။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ

အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ	ရှင်းလင်းဖော်ပြချက်
• သဘာဝအရင်းအမြစ်များ	လယ်မြေ၊ ယာမြေ၊ ခြံမြေအသင့်အတင့်ရှိကြပြီး တောင်ပေါ်ဒေသဖြစ်ကာမြေဆီအသင့်တင့်ကောင်းမွန်ပါသည်။ကျေးရွာတွင်သဘာဝသယံဇာတမထွက်ပါ။ လယ်သမားများသည် တောင်ကျရေ၊ချောင်းရေဖြင့် လယ်ယာအတွက် အသုံးပြုကြသည်။ ကျွန်တော်တို့ရွာ၏ အဓိကစိုက်ပျိုးရေးမှာ လှော်ခြံဖြစ်သည်။ လှော်စိုက်ဧကပေါင်း (၃၅၆)ဧကထိရှိသည်။
• နေရာတည်ရှိမှုနှင့် ပထဝီဆိုင်ရာအားသာချက်	ကွန်လောင်းကျေးရွာသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်မြို့နယ် လွိုင်လင်-မိုင်းပွန်ကားလမ်းဘေးတွင်တည်ရှိ သည်။ ကျေးရွာသည် တောင်ကုန်းတောင်တန်း ထူထပ်ပြီးတောင်ပေါ်ဒေသဖြစ်သည်။ကျေးရွာ၏အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးဖြစ်ပါသည်။
• ရပ်ရွာတည်ငြိမ်အေးချမ်းမှု	ကျေးရွာတွင်ရာဇဝတ်မှုကြီးကြီးမားမားမရှိပါ။ကျေးရွာလူထုအတွက်ပြည်သူများဘေးကင်းလုံခြုံမှုနှင့် ဝန်ဆောင်မှုကောင်းမွန်ပါသည်။ ပအိုဝ်ဒေသဦးစီးအဖွဲ့ရုံးနှင့်အမြဲဆက်သွယ်မှုရှိပါသည်။လူကုန်ကူးမှုကြဲတွေ့ဖူးကြပါသည်။ပြန်လည်ဆက်သွယ်မှုရရှိပြီးဖြစ်ပါသည်။ခိုးမှုနှင့်အကြမ်းဖက်မှုများလည်းရှိပါသည်။မူးယစ်ဆေးသုံးစွဲခြင်းများအတွက်အခွင့်အလမ်းများပြားသောကြောင့်မူးယစ်ဆေးသုံးစွဲမှုအနည်းငယ်ရှိပါသည်။
• ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျေးရွာတွင်မြစိမ်းရောင် (၂)ရွာပေါင်း (၁)ယူနစ်ရရှိထားပါသည်။
• ဆက်သွယ်ရေး	ဆက်သွယ်ရေးကွန်ယက်အနေဖြင့် MPTနှင့် Telenorလိုင်းရှိပါသည်။ လက်ကိုင်ဖုန်း၊ရေဒီယိုနှင့်တီဗွီများအသုံးပြုကြသော်လည်းအင်တာနက်ချိတ်ဆက်အသုံးပြုမှုမပြုလုပ်နိုင်သေးပါ။အချို့အိမ်များတွင်စလောင်းများတပ်ဆင်ထားကြပြီးပတ်ဝန်းကျင်ဗဟုသုတအတန်အသင့်ရှိကြပါသည်။
• ကျန်းမာရေးအဆောက်အအုံနှင့် ဝန်ဆောင်မှုများ	ကျေးရွာတွင်သာမန်အားဖြင့်ကျန်းမာရေးကောင်းမွန်ကြသည်။ကလေးငယ်များသည်အများစုကျန်းမာကြသည်။ကျေးရွာမှကျန်းမာရေးဌာနကို (၃)မိုင်လောက်သွားရသည်။မြို့နယ်ဆေးရုံကို (၆)မိုင်လောက်သွားရသည်။အသွားအလာလမ်းကမြေသားလမ်းဖြစ်သောကြောင့်

အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ	ရှင်းလင်းဖော်ပြချက်
	သွားလာရခက်ခဲသည်။
• ကျေးရွာလျှပ်စစ်မီး	ရွာတွင်အဆင်ပြေသောအိမ်ထောင်စုများသည်ဆိုလာပြားကိုအသုံးပြုကြပြီးဆင်းရဲသောမိသားစုများသည်ဖယောင်းတိုင်ဖြင့်သာနေကြရပါသည်။သို့သော်ဆိုလာမီးသည်မီးလင်းရုန်အတွက်သာအသုံးဝင်ပါသည်။ချက်ပြုတ်ရန်၊ထုတ်ကုန်တိုးမြှင့်ဆောင်ရွက်ရန်မရရှိနိုင်ပါ။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရန်အတွက်လျှပ်စစ်မီးရရှိရန်အတွက်လည်းလိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှု များ

အဟန့်အတားများ၊ စိန်ခေါ်မှုများ	ရှင်းလင်းဖော်ပြချက်
• ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု	ကျေးရွာတွင်ဖွံ့ဖြိုးရေးအတွက်လိုအပ်ချက်များစွာရှိနေပါသည်။
• သဘာဝအရင်းအမြစ်ထုတ်ယူသုံးစွဲမှု ကန့်သတ်ချက်များ	
• ကျန်းမာရေးဝန်ဆောင်မှု	

ကျေးရွာ ပွဲဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	**စီမံအုပ်ချုပ်မှုစနစ်**					
	• အခုအဖွဲ့ဖြင့်စနစ်တကျလုပ်ကိုင်ရာတွင်ပါဝင်ဆုံးဖြတ်ဆောင်ရွက်နိုင်သည့်အလေ့အထနှင့်စွမ်းရည်မရှိခြင်း။	• ပညာအရည်အချင်းနည်းပါးခြင်း။	• အရည်အချင်းစည်းလုံးမှုရှိခြင်း။	• ဆုံးဖြတ်ချက်ချရာတွင်အမှား/အမှန်စိုးရိမ်မှုရှိခြင်း။	• တက်သစ်စလူငယ်များ၊ပညာအရည်အချင်းပြည့်မီသောလူငယ်များကိုခေါင်းဆောင်နည်းဗျူဟာစနစ်လက်ကမ်းဟောပြောပေးခြင်း။	ကျေးရွာအဖွဲ့အစည်းများစွမ်းရည်မြှင့်အစီအစဉ်များလုပ်ဆောင်ခြင်း၊ခေါင်းဆောင်မှုသင်တန်းစာရင်းသင်တန်းပေးခြင်း။
၂	**စိုက်ပျိုးရေး(သီးနှံ)**					
	မိုးခေါင်ခြင်း ပိုးနှင့်ရောဂါကျခြင်း	သစ်တောပြုန်းတီးခြင်း၊ယာမြေတိုးချဲ့ခြင်း။ စိုက်ပျိုးရေးနည်းအသိပညာနည်းပါးခြင်း။	မြေဆီလွှာကောင်းခြင်း	ရာသီဥတုဖောက်ပြန်ခြင်း၊ရေရှားခြင်းသီးနှံအထွက်နည်းပါးခြင်း	ကျန်သစ်တောများ၊စားကျက်မြေများကိုပြုပြင်ထိန်းသိမ်းရန်အသိပညာခြင်း။ပိုးကာကွယ်ဆေးကိုစနစ်တကျအသုံးပြုတတ်ရန်ရွာသားများအားအသိပညာပေးခြင်း	သစ်တောဦးစီးဌာနနှင့်ချိတ်ဆက်ပြီးအသိပညာပေးစာဆောင်ဖြန့်ဝေပေးခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနနဲ့ချိတ်ဆက်ပြီးအသိပညာ၊အတတ်ပညာ၊သင်တန်းပေးခြင်း၊
၃	**မွေးမြူရေး**					

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	• မွေးမြူရေး နည်းပညာရရှိမှု အား နည်း ခြင်း။	• နည်းပညာဝန်ဆောင်မှုအားနည်းမှုမရှိခြင်း မွေးမြူရေးစိတ်မဝင်စားခြင်း။	• နေရာ၊ခြံများပြားခြင်း၊	•	• မွေးမြူရေး၊အသိပညာပေးခြင်း၊စိတ်ဝင်စားလာအောင်ဟောပြောပေးခြင်း။	• မွေးမြူရေးဌာနနှင့်ပူးပေါင်းပြီးမွေးမြူရေးလုပ်ငန်းလုပ်ဆောင်နိုင်အောင်ဆောင်ရွက်ခြင်း၊
	စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ					
၄	• အရင်းအနှီးနည်းပါးခြင်း မြို့နှင့်အလှမ်းဝေးခြင်း၊လမ်းပန်းဆက်သွယ်ရေးအကောင်းခြင်း	• ဝင်ငွေအဆင်မပြေဖြစ်ခြင်း၊ချေးငွေအဆင်မပြေခြင်း။ ကုန်ပစ္စည်းသယ်ယူရာတွင်အခက်အခဲများစွာရှိ။		• အတိုးများခြင်း၊	• အရင်းနှီး၊ဝင်ငွေအဆင်ပြေစေရန်အရစ်ကျစနစ်အတိုးပေးချေမှုစနစ်အဖွဲ့အစည်းတစ်ခုကျေးရွာမှလုပ်ဆောင်ပေးခြင်း • လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာအောင်၊လမ်းခင်း၊ကျောက်ချော၊ကတ္တရာ	-ကျေးလက်ဦးစီးဌာနနှင့်ပူးပေါင်းပြီးချေးငွေမူစနစ်သင်တန်းပို့ချပေးခြင်း၊ ကျေးလက်ဦးစီးဌာနနဲ့ပေါင်းပြီးလမ်း၊တံတား၊ကောင်းမွန်လာအောင်ဆောင်ရွက်ခြင်း
	ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း					

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၅	• စီးပွားရေးလှုပ်ရှားမှုနှင့်အရေးပေါ်ကိစ္စအတွက်ငွေရရှိနိုင်မှုခက်ခဲခြင်း	• အစိုးရဌာနချေးငွေများတွင်ကန့်သတ်များသဖြင့်အဆင်မပြေပါ။	•	•	• ပြင်ပငွေကြေးအဖွဲ့အစည်းဘဏ်များနှင့်ကျေးရွာရှိလုပ်ငန်းအခြေပြုအစုအဖွဲ့များချိတ်ဆက်နိုင်ရေးအစီအစဉ်ဆက်သွယ်တင်ပြခြင်း။	▪ လက်ရှိအစိုးရဌာနများမှထုတ်ချေးသည့်ချေးငွေများပိုမိုထိရောက်သွက်လက်စေရန်တင်ပြတောင်းဆိုခြင်း၊
၇	**ပညာရေး**					
	• **ကျောင်းအဆောက်အဦးမလုံလောက်** **ကျောင်းဆောင်အသစ်လိုအပ်နေပြီး ကျောင်းသုံးပရိဘောဂသင်ထောက်ကူပစ္စည်းမလုံလောက်ခြင်း။**	• ကျောင်းသားဦးရေတိုးတက်လာခြင်း၊ ကျောင်းအဆောက်အဦးဟောင်းနွမ်းယိုယွင်းလာခြင်း၊ပျဉ်ထောင်၊သွပ်မိုး၊အခင်းသည်မြေသားဖြစ်နေခြင်း၊	• •	• •	• **ပညာရေးဌာနနှင့်ချိတ်ဆက်၍လိုအပ်ချက်များတင်ပြတောင်းဆိုခြင်း။** • **ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ခြင်း၊**	**ကလေးပျော်ရွှင်ဘက်စုံတော်စေသည့်ကျောင်းအဖြစ်ဖန်တီးတည်ဆောက်ခြင်း။** **အဆောက်အဦး၊ပရိဘောဂသင်ထောက်ကူပစ္စည်းများပြည့်စုံစွာပံ့ပိုးပေးခြင်း၊**

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၈	**ကျန်းမာရေး**					
	• ကျန်းမာရေးဆိုင်ရာအသိပညာအားနည်းခြင်း။	• ဆေးရုံ၊ဆေးခန်းကြောက်ခြင်း	•	•	• **အယူသည်းခြင်းနှင့် ဆေးရုံဆေးခန်းကြောက်ခြင်းကိုပညာပေးစည်းရုံး။**	• ကျန်းမာရေးပညာပေးနှင့် သင်တန်းများဖွင့်ပေးခြင်း။ ကျေးလက်ကျန်းမာရေးဆိုင်ရာအဆောက်အဦးအသုံးအဆောင်နှင့်ဝန်ထမ်းဖွဲ့စည်းပုံအတိုင်းရရှိအောင်တောင်းဆိုခြင်း။
	• အိမ်သာစနစ်တကျမသုံးတတ်ခြင်း။ • သောက်သုံးရေမလုံလောက်ခြင်း။	• အလေ့အထမရှိခြင်း။ • ရာသီဥတုဖောက်ပြန်၍ရေရှားလာခြင်း။ • လူဦးရေများလာခြင်း			• **ရေနှင့်သန့်ရှင်းရေးပုံပိုးမှုများအတွက်ကျေးလက်ဦးစီးနှင့်ချိတ်ဆက်လုပ်ဆောင်ခြင်း။**	ရေနှင့်အိမ်သာပုံပိုးရေးအတွက်ကျေးရွာကော်မတီနှင့်ကျေးလက်ဦးစီးလက်တွဲဆောင်ရွက်ခြင်း၊ရွာနှင့်ကျေးလက်ဦးစီးဌာနနဲ့အတူရေတွင်းတူးဖော်၍ရွာမှထိန်းသိမ်းခြင်း၊ယင်လုံအိမ်သာသုံးစွဲမှုပညာပေးခြင်းနှင့်အတတ်နိုင်သူများအတွက်ပံ့ပိုးခြင်း။

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၉	**လမ်း၊တံတား၊လျှပ်စစ်**					
	လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း လျှပ်စစ်မီးမသုံးနိုင်ခြင်း	ကျေးရွာချဉ်းကပ်လမ်း ရွာဝင်လမ်းမကြီးလမ်း သွယ်များမြေသားလမ်း ဖြစ်နေခြင်း။ မဟာဓါတ်အားလိုင်းနှင့် အလှမ်းဝေးခြင်း၊ ငွေကြေးမတတ်နိုင်ခြင်း		ကျောင်ချောလမ်း ခင်းရန်ငွေကြေးအ ခက်အခဲရှိခြင်း။	ကျေးရွာဆပ်ကော်မ တီဖွဲ့စည်းပြီးကျေး လက်ဌာနနှင့်ချိတ် ဆက်ဆောင်ရွက်ခြင်း ကျေးရွာဆပ်ကော်မ တီဖွဲ့စည်းပြီးကျေး လက်ဌာနနှင့်ချိတ် ဆက်ဆောင်ရွက်ခြင်း	ကျေးလက်ဦးစီးဌာနနှင့်ပူး ပေါင်းပြီးလမ်းတံတားများ ဆောက်လုပ်ခြင်း၊ပြုပြင်ခြင်း များ၊ကွန်ကရစ်လမ်း၊မြေသား လမ်း၊ကျောက်ချောလမ်း၊ ကတ္တရာလမ်း ကျေးရွာမီးလင်းရေးအတွက် ဆိုလာမီး၊ရေအားလျှပ်စစ်တပ် ဆင်ခြင်း။
	လူငယ်ဖွံ့ဖြိုးရေး					
	လူငယ်များကိုယ်လက်ကြံ့ခိုင်မှုအားနည်းခြင်း၊ အခြားအချိန်ဖြုန်းစရာများစွာရှိနေခြင်း လူငယ်များဗဟုသုတအားနည်းခြင်း	ဆင်းရဲခြင်း၊ ကိုယ်လက်ကြံ့ခိုင်ရေးအသိမရှိခြင်း ကစားကွင်းမရှိ၊အားကစားပစ္စည်းမရှိ စာဖတ်မည့်သူမရှိ။ ဖတ်ကျင့်မရှိ။			နေရာကျယ်ကျယ်နှင့် တန်ဖိုးကြီးပစ္စည်းများ မလိုသည့်အားကစား နည်းများမှစတင်၍လူ ငယ်များအားကစား မှန်မှန်လုပ်လာအောင် စီစဉ်ပေးခြင်း၊ပင် ပေါင်၊ခြင်းလုံး၊စစ်တုရင်။	ပင်ပေါင်၊ခြင်းလုံး၊စစ်တုရင်၊ဖူဆယ်၊ကိုယ်ခံပညာစသည်တို့ ကိုလူငယ်များအုပ်စုဖွဲ့ကစား နိုင်ရန်စီစဉ်ဖန်တီးပေးခြင်း။ အားကစား၊စာပေ၊စာရိတ္တ၊လူ

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	ယဉ်ကျေးမှုနှင့်အနုပညာထိတွေ့မှုသိပ်မရှိ	အခြားအချိန်ဖြုန်းစရာများစွာရှိ၊ကျောင်းသားများစာအလွတ်ကျက်။			စာဖတ်ချင်စိတ်ရှိလာအောင်ဖန်တီးပေးခြင်း	မှုရေးစွမ်းဆောင်မှုများအတွက်ဂုဏ်ပြုပွဲများကျင်းပခြင်း။
	မူးယစ်အန္တရာယ်	လွယ်ကူစွာဝယ်ယူရနိုင်			မူးယစ်ကင်းစင်ဝန်းကျင်ဖြစ်အောင်စီစဉ်ဖန်တီးခြင်း။	အရက်၊မူးယစ်ဆေးကင်းစင်ကျေးရွာဖြစ်ရန်အားလုံးဝိုင်းဝန်းဆောင်ရွက်ခြင်း၊ရောင်းသူ၊သုံးသူ၊ပညာပေး၊ဥပဒေအရတားဆီးရေးယူ။

ကိုးကားစာရင်း

၁။ ၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း ဒုတိယအကြိမ်ပြင်ဆင်ဖြည့်စွက်ချက် လမ်းညွှန်စာအုပ်၊ ၂၀၁၆၊ မေ။

၂။ လွိုင်လင်မြို့နယ်၊ လွယ်ခွင် ကျေးရွာတွင် ၂၀၁၇ ခု ဧပြီလတွင် ကျင်းပခဲ့သောကျေးရွာ အခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှမှတ်စုများ၊

၃။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာ ရည်ညွှန်းမှတ်တမ်းစာအုပ်၊